**နမောတဿ ဘုရားရှိခိုး**

ဘုရားပုံ

**ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ**

ပုံနှိပ်မှတ်တမ်း

IL

# "နမောတဿဘုရားရှိခိုး"


## ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ

B.A(Myanmar), M.A(Srilaka), Ph.D(India)

သာသနဓဇဓမ္မာစရိယ၊

သာသနဇောတိပါလဓမ္မာစရိယ၊

သာသနာဟိတဂဏဝါစကာစရိယ

မဟာဂန္ထဝါစကပဏ္ဍိတ


---


မစု

နှင်း-စာပေရတနာ

စီစဉ်ပူဇော်သည်။

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

IL

**နမောတဿ ဘုရားရှိခိုး**

ဆရာတော်ပုံ

။

## ဓမ္မဒူတ ဒေါက်တာအရှင်ပညာသိဿရ
K

● မွန်ပြည်နယ်၊ သထုံမြို့၊ ညောင်ဝိုင်းရပ်နေ ဦးကျော်လှိုင် - ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ခုနှစ်၊ ဇန်နဝါရီလတွင် ဖွားမြင်သည်။

● တောင်စွန်းဓမ္မဒူတတောရ ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

● တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်တို့တွင်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။

သာသနဓဇ ဓမ္မာစရိယဘွဲ့၊
သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
သာသနဟိတဂ ဏဝါစက အာစရိယဘွဲ့၊
B.A (Myanmar), M.A (Srilanka),Ph.D (India)ဘွဲ့တို့ကို ရရှိခဲ့သည်။

● ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့

တော်ကို ရရှိခဲ့သည်။

● ဓမ္မဒူဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ ခုနှစ် မှ ၂၀၀၅ ခုနှစ်ထိ တောင်စွန်း ဓမ္မဒူတတောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

● ၂၀၀၅ ခုနှစ်မှစတင်၍ ပဲခူးမြို့၊ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရသာသနာ့ရိပ်သာကို တည်ထောင် ဖွင့်လှစ်ကာ ပဓာန နာယကဆရာတော်အဖြစ် စာရေး၊ စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

E

# E နမောတဿ ဘုရားရှိခိုး F

၁၃၆၅ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၆)ရက်နေ့ညတွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်အတွင်း ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် (၁၀)ရက် တရားစခန်း၌ ဟောကြားအပ်သော နမောတဿ ဘုရားရှိခိုး တရားတော်။

ဘုန်းကြီးတို့ နမောတဿ ဘုရားရှိခိုးရဲ့အနက် အဓိပ္ပါယ်တွေကို ဘုန်းကြီးတို့ ပရိသတ် သိရှိအောင်၊ မြတ်စွာဘုရားရှင်ကို ကြည်ညိုလေးစားကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်များဖြစ်ကြသည့် အားလျော်စွာ ဘုရားရှင်ရဲ့ ဂုဏ်တော်များအကြောင်းကို သိအောင် ဒီတရားတော်ကို ဒီကနေ့ညမှာ ဟောကြ နာကြမယ်။

ရှေးဦးစွာ တရားမဟောမီ မနာမီမှာ တရားတော်ကို ဟောကြားတော်မူခဲ့တဲ့ တရားပိုင်ရှင် ဖြစ်တော်မူသော အစိုးရွယ်ယူ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာ ဘုရားကို နမောတဿ ဘုရားရှိခိုးနဲ့

သုံးကြိမ် ညီညီညာညာ ရှိခိုးပူဇော်ကြရအောင်။

"နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

အရဟတော - လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း တို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ပါပေထသော၊

အရ ဟတော - တစ်ထောင့်ငါးရာ ကိလေသာမှ ဝေးကွာတော်မူတတ်ပေထသော၊

အ ရဟတော - ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူတတ်ပါပေထသော၊

အရဟာတော – ကိလေသာမာရ် သူပုန်ရန်ကို အောင်တော်မူ၊ နိုင်တော်မူ တတ်ပါပေထသော၊

အရဟာတော – သံသရာစက်အကန့် အကွက်တို့ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူတတ်ပါပေထသော၊

သမ္မာသမ္ဗုဒ္ဓဿ – မဖောက်မပြန်တရားမှန်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်တော်မူတတ်ပါပေထသော၊

တဿ ဘဂဝတော– ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား၊

**နမောတဿ ဘုရားရှိခိုး**

**နမော နမာမိ** – ရှိခိုးပါ၏အရှင်ဘုရား။

**နမော နမာမိ** –ကိုယ်နှုတ်နှလုံးသုံးပါး ပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ ရိုကျိုး လက်အုပ်မိုးကာ ရှိခိုးပါ၏ အရှင် ဘုရား။

ဘုရားမြတ်စွာကို ရှိခိုးပူဇော်ပြီးတဲ့ နောက် နမော တဿ ဘုရားရှိခိုးရဲ့ သိသင့် သိထိုက်တဲ့ အနက်အဓိပ္ပါယ်တွေကို လေ့လာကြည့်ညိုကြရအောင်ပါ။

နမောတဿ ဘုရားရှိခိုးဆိုတာက လူတိုင်း လူတိုင်း ငယ်စဉ်ကတည်းက ရထားတဲ့ ဘုရားရှိခိုးပါ။ ဒီဘုရားရှိခိုးမှာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးထဲက

ဂုဏ်တော်သုံးပါး ပါဝင်ပါတယ်။

အရဟတောဆိုတာက အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓေါဆိုတာက သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဘဂဝတောဆိုတာက ဘဂဝါဂုဏ်တော်လို့ ဂုဏ်တော်သုံးပါးကို ကိုယ်စားပြုတဲ့ စကားလုံးများနဲ့ မြတ်ဘုရားကို ရှိခိုးပူဇော်ကြတာပါ။

ဂုဏ်တော်သုံးပါး ပါဝင်တဲ့ ဘုရားရှိခိုးလို့ အရင်ဆုံး မှတ်ထားလိုက်ပါ။ ဘုန်းကြီးတို့ ဘာသာရေးနဲ့ ပတ်သက်တဲ့ အခမ်းအနားတွေ ကျင်းပပြုလုပ်ပြီဆိုရင် အထွတ်အမြတ်အနေနဲ့ ဦးစွာပထမ အခမ်းအနား စတင်ဖွင့်လှစ်ရင် နမော

တဿနဲ့ အခမ်းအနား စတင်ဖွင့်လှစ်ပါတယ်။ ငါးပါးသီလ ရှစ်ပါးသီလ ခံယူဆောက်တည်ကြတဲ့ အချိန်မှာလည်း နမောတဿ မပါဘဲနဲ့ မဖြစ်ပါဘူး။ သီလခံယူစဉ်မှာ ဘုရားရှင်ရဲ့ ဂုဏ်တွေကို အာရုံပြု ရှိခိုးကြပါတယ်။

ဘုန်းကြီးတို့ ရှင်ရဟန်းတွေ စာတွေသင်ယူကြမယ်၊ ကျက်မှတ်ကြမယ်ဆိုရင် အရင်ဆုံး နမောတဿ ရွတ်ဆိုကြပါတယ်။ သံဃာ့ကိစ္စ ကမ္မဝါစာတွေ ရွတ်ဖတ်ကြမယ်ဆိုရင်လည်း နမောတဿ ဘုရားရှိခိုးကို ဦးစွာရွတ်ဖတ်ပူဇော်ကြပါတယ်။

အဲဒီတော့ ဒီနမောတဿဘုရားရှိခိုး

သည် နေရာတကာမှာ အသုံးလည်းများ ပါတယ်။ တန်ခိုးအာနိသင်လည်းပဲ အင်မတန် ထက်မြက်ပါတယ်။

ဒါကြောင့် နမောတဿ ဘုရားရှိခိုး အနက်အဓိပ္ပါယ်တွေကိုသိအောင် ဘုန်းကြီး ပြောပြမယ်လို့ ဘုန်းကြီး ဟိုအိန္ဒိယက ပြန်လာကတည်းက ဒီဘုရားရှိခိုးကို လူတိုင်း လူတိုင်း ရပါစေဆိုပြီးတော့ တရားပွဲတိုင်း မှာဆိုခိုင်းပါတယ်။

အိန္ဒိယမှာ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် က ပွင့်တော်မူခဲ့ပါတယ်။ မြတ်စွာဘုရား ပွင့်ရာဒေသ မြတ်စွာဘုရားသာသနာ စတင် ရာဒေသပါ။ အခုလက်ရှိ ဘုန်းကြီးနေတဲ့

အခိုက်မှာ ဗုဒ္ဓသာသနာ၊ ဗုဒ္ဓဘာသာ အကြောင်း အကဲခတ်ကြည့်တော့ တော်တော်လေးကို ဆုတ်ယုတ်နေတာတွေ့ရတယ်။ ဘယ်လောက်တောင်မှ ဆုတ်ယုတ်တုန်းဆိုလို့ရှိရင် သူတို့က ဘုရားဆိုတာ ဗုဒ္ဓရုပ်ပွားတော်လောက်ပဲ သိတော့တယ်။ တရားဆိုတာကတော့ မကြားဘူး မနာဘူးတဲ့သူက ခပ်များများပါ။ သံဃာဆိုရင်လည်းပဲ အိန္ဒိယမှာ သံဃာတွေ အင်မတန်ရှားပါတယ်။ ဗုဒ္ဓဂယာအနီးတဝိုက်မှာပဲ မြန်မာစာသင်ရဟန်းတော်တွေနဲ့ တခြားတခြားနိုင်ငံက ကြွလာတဲ့ ရဟန်းသံဃာတွေရှိတယ်။ ဘုန်းကြီးတို့ စာသင်တဲ့ ဘုံဘေခုမန်ဘိုင်းလို့ခေါ်တဲ့မြို့မှာ လူဦးရေ အလွန်

များပေမယ့် ရဟန်းသံဃာတွေ အတော်နည်းပါတယ်။ တခြားနိုင်ငံက သံဃာလည်းနည်းတယ်။ မြန်မာပြည်ကဆိုရင် ဘုန်းကြီးတို့ သုံးပါးလောက်ပဲရှိတယ်။

သူတို့က ဘုန်းကြီးတို့ကိုတွေ့ရင် အမြဲတမ်းစိတ်ဝင်တစားနဲ့ မေးတဲ့ မေးခွန်းနှစ်ခုရှိပါတယ်။ သွားရင်းလာရင်း ရထားပေါ်မှာ တွေ့ရင်လည်းပဲ လာမေးကြတယ်။ တခြားတခြား စာသင်ခန်းတွေ စာကြည့်တိုက်တွေမှာ ဆုံကြတွေ့ကြရင်လည်း ဒီမေးခွန်းနှစ်ခုကိုပဲ မေးတတ်ကြတယ်။ သူတို့ အမြဲတမ်းမေးတတ်တဲ့ မေးခွန်းတစ်ခုကတော့ 'ညစာစားလို့ရရဲ့လား'တဲ့။ ဒါ ရဟန်းသံဃာတွေကို မေးတာနော်။

ဘုန်းကြီးတို့ ပရိသတ်ကတော့ ရဟန်း သံဃာရှင်သာမဏေတွေမှာ ညစာစားလို့ ရလား မရလား ကလေးကအစ သိပြီးသား ပါ။ နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်တယ် ဆိုတာ လူတိုင်းကလေးကအစ သိတယ် နော်၊ ဒါပေမဲ့ သူတို့က အဲဒီလောက်တောင် မသိတော့ဘူး။

နောက်တစ်ချက်မေးတာကတော့ နည်းနည်းဆိုးတယ်။ 'အရှင်ဘုရားတို့ မိန်းမယူလို့ရလား'တဲ့ ဒါသူတို့ မေးတဲ့ မေးခွန်း 'ဒါကြောင့်မို့လို့ ဘုန်းကြီးက စဉ်းစားကြည့်တယ်။ 'ဩော်သူတို့မှာ ဒီ အခြေခံဗုဒ္ဓဘာသာအကြောင်းတောင်မှ အသိတရားတွေ နည်းပါးသွားပြီး ဗဟုသုတ

တွေနည်းနေပြီလို့ သဘောပေါက်မိတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံပြန်ရောက်ရင်တော့ အခြေခံကအစ ဟောပေးပြောပေးမှ ဖြစ်မယ်လို့ စိတ်ကူးမိပါတယ်။ ဘုန်းကြီးတို့နိုင်ငံမှာလည်း နမောတဿဘုရာရှိခိုးကို လူတိုင်းလူတိုင်းရပေမယ့် အနက်အဓိပ္ပာယ်ကို မသိတဲ့သူတွေ အများကြီးများပါတယ်။ နေ့စဉ်နေ့တိုင်း နမောတဿဘုရားရှိခိုးနဲ့ ရှိခိုးနေကြတယ်။ 'ဘာအဓိပ္ပာယ်ရှိလဲ' လို့ မေးလာတဲ့အခါမှာ မသိဘူးလို့ မရှိရလေအောင် ပြောပေးချင်ပါတယ်။ အားလုံးမှတ်မိအောင်လို့ပေါ့ ဘုန်းကြီးဒီကနေပြီး နောက်တစ်ခေါက်ပြန်တိုင်ပေးမယ်နော်။ မနက်ဖြန်ခါ တရားစစ်ချိန်ကျရင် တရား

အစစ်မခံကြတဲ့ယောဂီများက နမောတဿ ဘုရားရှိခိုးနဲ့ ဘုန်းကြီးကို ရှိခိုးပြရမယ်။ ခုကတည်းက သေသေချာချာရအောင် ကျက်ပေတော့။

**အရဟတော – လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော် အထူးကို ခံတော်မူထိုက်ပါပေထသော** အရဟတောဆိုတဲ့ စကားလုံးဟာ အရဟံ ဂုဏ်တော်ကို ကိုယ်စားပြုပါတယ်။ အရဟံ ဆိုတာ ပူဇော်ခံထိုက်တယ်တဲ့။ ပူဇော် အထူးကို ခံထိုက်တဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်ထူးဝိသေသတစ်ခုပါ။ လောကမှာ မြတ်စွာဘုရားပွင့် ပေါ်လာချိန်မှာ လူနတ် ဗြဟ္မာ သတ္တဝါအားလုံးတို့ဟာ မြတ်စွာ

ဘုရားကို သူ့ထက်ငါ အလုအယက် ရှိခိုးကြ ပူဇော်ကြပါတယ်။

ဘယ်သူတွေ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ကြသလဲဆိုတော့ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတွေအားလုံးကပါ။ ဘုန်းကြီးတို့ လူမင်းတွေအနေနဲ့ကြည့်လိုက်မယ်ဆိုရင် အဇာတသတ်တို့၊ ဗိမ္ဗိသာရမင်းတို့၊ ကောသလမင်းတို့ အတိုင်းတိုင်း အပြည်ပြည်တွေက မင်းတွေဟာ ဘုရားရှင်ကို ပူဇော်ကြပါတယ်။ တိုင်းပြည်အသီးသီး နိုင်ငံအသီးသီးကို အုပ်ချုပ်မင်းလုပ်နေတဲ့ မင်းတွေဟာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းဦးချလို့ ကြည်ညိုစွာ ရှိသေစွာနဲ့ မြတ်စွာ

ဘုရားကို ပူဇော်ကြပါတယ်။ ဆွမ်းသင်္ကန်း ကျောင်းဆေးပစ္စည်းလေးပါးတွေကို ရက်ရက်ရောရော စွန့်လွှတ်လှူဒါန်း ပူဇော် ကြပါတယ်။

နတ်မင်းကြီးတွေဖြစ်ကြတဲ့ သိကြားမင်းတို့၊ လောကပါလနတ်မင်းတို့၊ စတုမဟာရာဇ်နတ်မင်းတို့ဆိုတဲ့ နတ်မင်းတွေကလည်း မြတ်စွာဘုရားကို ပူဇော်ကြပါတယ်။ ဗြဟ္မာမင်းကြီးတွေကလည်း မြတ်စွာဘုရားကို ပူဇော်ကြပါတယ်။ တစ်လောကလုံးက ပူဇော်ကြတဲ့ မြတ်စွာဘုရားပါ။ ဘာလို့ ပူဇော်ခံထိုက်လဲဆိုရင် ကိလေသာကနေဝေးကွာလို့ပါ။ ကိလေသာတွေ၊ အပူမီးတွေရှိနေတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်သူ

မှ အနားမကပ်ချင်ပါဘူး။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတွေ ပူဇော်ရတဲ့အကြောင်းရင်း ရှာကြည့်လိုက်ရင် ဘုရားရှင်မှာ ကိလေသာ ကင်းရှင်းတယ်ဆိုတဲ့ သဘောတရားကို ကျေနပ်အားရနှစ်သက်ကြလို့ပါ။ ကိလေသာကင်းရှင်းတယ်။ အေးချမ်းတယ်။ ဖူးမျှော်သူတို့ရဲ့ စိတ်နှလုံးကို ရွှင်ပြုံးစေတယ်။ကြည်နူးစေတယ်။ ဒါကြောင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မမင်းတွေ ပူဇော်ကြပါတယ်။ ဘုန်းကြီးတို့ ပရိသတ်က အရဟတောလို့ ဆိုတိုင်းဆိုတိုင်းမှာ နှလုံးသွင်းရမယ်။ အာရုံပြုရမယ်။

နံပါတ်တစ်အချက်က ပူဇော်ခံထိုက်တဲ့ မြတ်စွာဘုရား၊ နံပါတ်နှစ်က ကိလေသာ

မှ ဝေးကွာတော်မူသော မြတ်စွာဘုရား အရဟတော၊ တစ်ထောင့်ငါးရာ ကိလေသာ မှ ဝေးကွာတော်မူတတ်ပါပေထသော၊

အရဟံဂုဏ်ဆိုတာ ကိလေသာက နေ ဝေးတော်မူတဲ့ မြတ်စွာဘုရားကို အာရုံပြုဖို့ပါ။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တစ်ထောင့်ငါးရာ ကိလေသာ ကင်းစင်တယ်။ တစ်ထောင့်ငါးရာကိလေသာတွေ ကင်းရှင်းတော်မူပါတယ်။ ကိလေသာဆိုတာ အလွယ်ပြောလို့ရှိရင် ပူပန်စေတဲ့တရား၊ နှိပ်စက်တတ်တဲ့တရားပေါ့။ ပူပန်စေတတ် နှိပ်စက်တတ်တဲ့တရားတွေ ကင်းရှင်းနေတဲ့ မြတ်စွာဘုရားရဲ့ စိတ်နှလုံးကို အာရုံပြု

ကြည့်ရင်း အေးချမ်းတယ်ဆိုတဲ့ သဘော တရားတွေ့ရမှာပါ။ သက်တော် ထင်ရှား မြတ်စွာဘုရားကိုမဆိုထားနဲ့ မြတ်စွာဘုရား ရှင်ရဲ့ကိုယ်စား ရုပ်ပွားဆင်းတုတော်၊ စေတီ တော်တွေ ဖူးမျှော်လိုက်တဲ့အခါမှာ ဖူးမြင် သူတွေရဲ့ စိတ်နှလုံးအေးချမ်းသွားပါတယ်။ ကိလေသာ အပူတွေမှ ဝေးကွာတော့ အေးချမ်းတယ်။ ဖူးမြော်ကြည်ညိုသူတွေ ရဲ့ စိတ်နှလုံးကို အေးချမ်းစေပါတယ်။ အအေးဓာတ်တွေကူးလာတော့ ဘုရားဂုဏ် အာရုံပြုကြည်ညိုသူတွေမှာ အေးချမ်း သွားပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် အရဟတောလို့ ဆိုလိုက်တာနဲ့ တပြိုင်

နက် ဘုရားရှင်သည် တစ်ထောင့်ငါးရာ ကိလေသာ အပူတွေမှ ဝေးကွာတော်မူ တယ်လို့ နှလုံးသွင်းရမယ်။ အာရုံပြုရမယ်။

အရဟာတောဆိုတဲ့ စကားလုံးကို ပါဠိလို အနက်ဖွင့်ရင် မြန်မာလို အဓိပ္ပါယ်ငါးမျိုးရပါတယ်… နောက်တစ်မျိုးက

**အရဟာတော – ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုကို ပြုတော်မမူ၊ ပြောတော်မမူ၊ ကြံစည်တော်မမူ တတ်ပါပေထသော**

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဆိတ်ကွယ်ရာ အရပ်၊ ဘယ်သူမှ မသိနိုင်ဘူး မမြင်နိုင်ဘူးတိုတဲ့ နေရာမှာတောင် မကောင်းမှုကို ကိုယ်နဲ့မပြုပါဘူး။ နှုတ်ကလည်းပဲ မပြော

ပါဘူး။ စိတ်ကလည်းပဲ မကြံစည်ပါဘူး။ ကြည်ညိုစရာသိပ်ကောင်းတဲ့ အချက်တစ်ချက်ပါ။

ဘုန်းကြီးတို့ လူ့သဘာဝ မကောင်းမှုဆိုတာ မကောင်းမှန်းသိပေမဲ့လို့ ပြု ချင်တဲ့ သဘောရှိပါတယ်။မကောင်းမှန်းသိရဲ့သားနဲ့ ပြုချင်တယ်။ လူကြား၊ သူကြား၊ လူရှေ့မှာ မပြုရဘူးဆိုရင်တောင်မှ လူမမြင်၊ သူမမြင်၊ ဘယ်သူမှမသိနိုင်ဘူး၊ မမြင်နိုင်ဘူးဆိုတဲ့နေရာမှာ မကောင်းမှုကို မရှောင်နိုင်ဘဲ ပြုတတ်ပါတယ်။

'ငါ့စိတ်ထဲကြံစည်နေတာ ဘယ်သူမှ မသိနိုင်ပါဘူး။ ငါစဉ်းစားနေတာ ဘယ်သူမှ မသိပါဘူး'ဆိုပြီးတော့ မဟုတ်

တာတွေလည်း တွေးနေတတ်ကြပါတယ်။ လူကြား၊ သူကြားထဲ မဟုတ်ဘူး ဘယ်သူမှ မကြားနိုင်ဘူးဆိုရင်လေ မကောင်းတာတွေ မဟုတ်တာတွေလည်းပဲ ပြောမိတတ်ကြပါတယ်။ ပြောလည်းပြောတာပဲ။ မတော်တရော်တွေကို ပြုလည်းပြုကြတာပဲနော်။ ဘုရားရှင်ကတော့ ဘယ်သူမှ မသိမမြင်ဘူးဆိုတဲ့ နေရာမှာတောင် မကောင်းမှုကို မပြုပဲနဲ့ရှောင်တယ်။ မပြောဆိုပဲနဲ့ ရှောင်ကြဉ်တယ်။ မကြံစည်ပဲနဲ့ ရှောင်ကြဉ်ပါတယ်။

မာရ်နတ်ကြီးက ဘုရားအလောင်းတော် တောထွက်စဉ်ကာလ နောက်ကနေ တကောက်ကောက်လိုက်ပြီးတော့ ကြည့်တယ်။ ဘယ်နေရာမှာ ဖျက်ဆီးခွင့်ရမလဲ

ပေါ့။ ဘုရားမဖြစ်အောင် မာရ်နတ်က ဖျက်မှာ၊ အလောင်းတော် သိဒ္ဓတ္ထမင်း တောထွက်လာတယ်။ ဘုရားမဖြစ်ခင် ခြောက်နှစ် ဒုက္ကရစရိယာ ကျင့်ပါတယ်။ အဲဒီခြောက်နှစ်လုံးလုံးမာရ်နတ်နောက်က နေ ဖဝါးထက်ကြပ်မကွာလိုက်ပြီးတော့ ကြည့်နေပါတယ်။ ဘယ်အချိန်မှာ မကောင်းတာလုပ်မလဲ၊ မကောင်းတာပြောမလဲ၊ မကောင်းတာကြံမလဲ၊ အဲဒီလို မဟုတ်မမှန်တာ၊ မကောင်းတာကို ပြုပြောကြံတာနဲ့ တစ်ပြိုင်နက် သိက္ခာချမယ်။ အရှက်ခွဲမယ်ပေါ့။ ဒီသဘောမျိုးနဲ့ မာရ်နတ်လိုက်ကြည့်တာ၊ ခြောက်နှစ်လုံးလုံး ဘုရားဖြစ်တဲ့အထိ အလောင်းတော်ဘဝမှာတောင်မှ မကောင်း

တာကို မပြုဘူး၊ မပြောဘူး၊ မကြံဘူးဆို တော့ မာရ်နတ်ကြီးအတွက် အခွင့်မသာ ဘူး။ မာရ်နတ်ကြီး စွပ်စွဲဖို့၊ ဖျက်ဆီးဖို့၊ နှိပ်စက်ဖို့ အခွင့်အရေးမရပါဘူး။ ဘုရား ဖြစ်ပြီးတော့လည်းပဲ သူလက်မလျှော့သေး ပါဘူး။ နှစ်နှစ်၊ သုံးနှစ်လောက် နောက် ကနေ တစ်ကောက်ကောက်လိုက်ပြီးတော့ ကြည့်တယ်။ ဘာတွေများ မဟုတ်တာ လုပ်မလဲ၊ ပြောမလဲ၊ ကြံမလဲ ကြည့်နေ တယ်။ ဘာတစ်ခုမှ မမှန်တာကို မတွေ့ဘူး။ အဲဒီတော့မှ မာရ်နတ်လက်လျှော့သွားပါ တယ်။ အဲဒီတော့ ဘုန်းကြီးတို့ မြတ်စွာ ဘုရားရှင်ဟာ ပူဇော်ခံထိုက်တယ်ဆိုတာ အလကား အကြောင်းမဲ့ အပူဇော်ခံထိုက်

တာ မဟုတ်ပါဘူး။ မကောင်းမှုကို ဒီ လောက်တောင်မှ ထိန်းသိမ်းနိုင်တယ်။ ရှောင်ကြည်နိုင်တယ်ဆိုတော့ ဘုန်းကြီးတို့ ပရိသတ်အနေနဲ့ ချီးကျူးဖို့၊ ပူဇော်ဖို့၊ ဂုဏ်ပြုဖို့ ကောင်းလွန်းတဲ့အတွက် 'အရဟံဂုဏ်'ရယ်လို့ ဖြစ်လာတာပါ။

အရဟတော - ကိလေသာမာရ် သူပုန်ရန်ကို အောင်တော်မူ၊ နိုင်တော်မူ တတ်ပါပေထသော

ကိလေသာဆိုတဲ့ သူပုန်သူကန်တွေ သောင်းကြမ်းသူတွေ ထကြွသောင်းကြမ်း မှုကို အောင်နိုင်တော်မူတဲ့ မြတ်စွာဘုရားပါ။

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ဟာ ကိလေသာကို အောင်တော်မူ နိုင်တော်မူ

ပါတယ်။ ကိလေသာဟာ ဘာနဲ့တူတုန်း ဆိုရင် သောင်းကြမ်းသူနဲ့ တူပါတယ်။ သူပုန် ဆိုတာ ဆူပူသောင်းကြမ်းတတ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ ထကြွသောင်းကြမ်းတဲ့ အချိန်မှာ ကောင်းတဲ့ စိတ်တွေအကုန်လုံးပျောက်ကုန်ပါတယ်။ လောဘသူပုန်ထပြီဆိုရင် လိုချင်မှုတွေ သိပ်ကြီးမားတယ်။ ဒေါသူပုန်ထပြီဆိုရင် ဘာမှမသိတော့ဘူး။ မမြင်တော့ဘူး။ အမျက်ဒေါသတွေ ကြီးမားတယ်။ မောဟ သူပုန်ဝင်ရောက်နှောက်ယှက်တဲ့အချိန်မှာ မောဟတရားတွေ ဖိစီးတယ်။ လွှမ်းမိုး တယ်။ သောင်းကြမ်းသူတွေက မြို့တွေ ရွာတွေကို ဖျက်ဆီးပစ်သလိုပဲ။ ဘုန်းကြီး

တို့ရဲ့ စိတ်ကောင်းလေးတွေကို ဖျက်ဆီးပစ်လိုက်တာဟာ ကိလေသာပါ။ ကောင်းတဲ့စိတ်လေးတွေ ဖျက်ဆီးခံရလို့ ပျောက်ကွယ်ပျက်စီးကုန်ပါတယ်။ အဲဒီ ကိလေသာက ဖျက်ဆီးလိုက်တော့ စောစောတုန်းက ရှိနေတဲ့ ကောင်းတဲ့ စိတ်ထားကောင်းလေးတွေ နဲနဲမှ မကျန်တော့ပါဘူး။

စိတ်ကောင်းလေးတွေ ဝင်တဲ့အချိန်မှာ ကောင်းတာပြုချင်တယ်။ ကိလေသာဝင်ရောက်တဲ့ အချိန်မှာ ကောင်းတာပြုချင်တဲ့ စိတ်ပျောက်သွားတယ်။ မြတ်စွာဘုရားရှင်ကတော့ ကိလေသာမာရ်သူပုန်ကို အောင်တော်မူတယ်။ နိုင်တော်မူတယ်။ ကိလေသာတွေကို အရင်းအမြစ်ကစပြီး

နလံမထူနိုင်အောင် နှုတ်ပယ်လိုက်ပြီ၊ ဖျက်ဆီးလိုက်ပြီဆိုတော့ နောက်တစ်ခါ ပြန်ပြီးပေါက်ရောက်စရာလည်း မကျန်တော့ဘူး။ ရှိကိုမရှိတော့ဘူး။ ဒါကြောင့် ဘုရားရှင်နမောတဿဘုရားရှိခိုးနဲ့ ရှိခိုးချိန်မှာ 'အရဟတော' လို့ ဆိုလိုက်တာနဲ့ ကိလေသာအောင်နိုင်တဲ့ အဓိပ္ပါယ်လေးသိတော့မှ လေးလေးနက်နက် ရှိပါတယ်။

နံပါတ်တစ်အချက် 'လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ ဝပ်စင်းကော်ရော်ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ မြတ်စွာဘုရား'

နံပါတ်နှစ်အချက် 'တစ်ထောင့်ငါးရာ ကိလေသာကနေ ဝေးကွာတော်မူတဲ့

မြတ်စွာဘုရား'

နံပါတ်သုံးအချက် 'မကောင်းမှုကို ဆိတ်ကွယ်ရာ၌ပင် ပြုတော်မမူ၊ ပြောတော် မမူ၊ ကြံစည်တော်မမူတဲ့ မြတ်စွာဘုရား'

နံပါတ်လေးအချက် 'ကိလေသာမာရ် သူပုန်ရန်ကို အောင်တော်မူ၊ နိုင်တော်မူတဲ့ မြတ်စွာဘုရား'လို့

နှလုံးသွင်းပြီးတော့ ကြည်ညိုလိုက်ပါ။ ဒါဆို သိပ်ပြီးတော့ အရသာပေါ်လာပါတယ်။ ဒီလိုကြည်ညိုစရာကောင်းတဲ့ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခွင့် ရတယ်ဆိုပြီးတော့ ပီတိသောမနဿလည်းပဲ ဖြစ်လာပါတယ်။

နံပါတ်ငါးအချက်က သံသရာစက်

ကန့်အကွက်တို့ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူတတ်သော မြတ်စွာဘုရားပါ။

အရဟတော သံသရာစက် အကန့်အကွက်တို့ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူ တတ်ပါပေထသော

သူသူငါငါ များစွာသော သတ္တဝါတွေဟာ တစ်ဘဝပြီး တစ်ဘဝပြောင်းသွားရင်းနဲ့ သံသရာနယ်ထဲမှာ တဝဲလည်လည် နေကြရပါတယ်။ သံသရာထဲမှာ ဘာတွေရှိသလဲလို့ စစ်တမ်းထုတ်ကြည့်ရင် အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ ဒုက္ခဆင်းရဲတွေသာ ရှိနေတာကို တွေ့ကြရမှာပါ။

ချမ်းသာပါတယ်၊ မြင့်မြတ်ပါတယ်

ဆိုတဲ့ ဘဝထဲမှာတောင် အိုနာသေတွေ မကင်းပါဘူး။ ဆင်းရဲဒုက္ခတွေ မကင်းလွတ်ကြပါဘူး။

မြတ်စွာဘုရားရှင်ဟာ သံသရာကို လည်စေတဲ့ အကြောင်းတရားတွေကို ရှာဖွေသိရှိခဲ့ပါတယ်။ မသိမှုအဝိဇ္ဇာနဲ့ လိုချင်မှု တဏှာဟာ သံသရာစက်ရဟတ်ကို လည်ပတ်စေတဲ့ အဓိကဒေါက်တိုင်တွေလို့ မြင်တော်မူပါတယ်။

မအိုချင် မနာချင် မသေချင်ဘူး၊ ဆင်းရဲဒုက္ခကုန်ကင်းရာ နိဗ္ဗာန်ကို ရောက်ချင်တယ်ဆိုရင် သံသရာစက်ရဲ့ အကန့်အကွက်တွေဖြစ်တဲ့ အဝိဇ္ဇာနဲ့ တဏှာကို ချိုးဖျက် ပယ်သတ်နိုင်မှရမယ်လို့ သိတော်

မှုတဲ့အတွက် အဝိဇ္ဇာတဏှာတွေကို ပယ်ဖျက်ခုတ်ထွင်သုတ်သင်ပြီး တရားဓမ္မကို သိမြင်တော်မူခဲ့တာပါ။

မြတ်စွာဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကို အာရုံပြုရင် ဒီအချက်ကိုလည်း သိရှိဆင်ခြင်ရမှာပါ။

'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

ဆိုတဲ့ဘုရားရှိခိုးမှာပါဝင်တဲ့ နောက်ဂုဏ်တော်တစ်ပါးကို ကြည်ညိုလိုက်မယ်ဆိုရင် 'သမ္မာသမ္ဗုဒ္ဓဂုဏ်'တော်ပါ။ (သမ္မာသမ္ဗုဒ္ဓဿ–မဖောက်မပြန် တရားမှန်ကို၊ ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူတတ်ပါပေထ

သော)လို့ ဂုဏ်တော်ရဲ့ အနက်အဓိပ္ပါယ်ကို အာရုံပြု ရပါမယ်။

မဖောက်မပြန် အမြဲတမ်း မှန်ကန်ပါတယ်ဆိုတာ ဘုရားရှင်သိတော်မူ မြင်တော်မူ ဟောကြားတော်မူတဲ့ သစ္စာလေးပါး တရားတော်ပါပဲ။

လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ တိရစ္ဆာန်တွေ၊ ငရဲသားတွေ၊ ပြိတ္တာတွေ ဘယ်သူဆီမှာပဲဖြစ်ဖြစ် ထင်ထင်ရှားရှား ရှိနေတဲ့ ဆင်းရဲသဘောဟာ 'ဒုက္ခသစ္စာ'ပါ။ ဆင်းရဲတဲ့သဘော ဒုက္ခသစ္စာဟာ သတ္တဝါ တိုင်းမှာ ရှိပါတယ်။

'သမုဒယသစ္စာ'ဆိုတာက 'ဆင်းရဲဖြစ်ကြောင်းတရားပါ။ ဘာကြောင့်ဆင်းရဲ

တာလဲလို့ ဆင်းရဲဒုက္ခဖြစ်လာတဲ့အကြောင်း တရားရှာလိုက်ရင် သမုဒယသစ္စာ တဏှာလောဘကြောင့်ပါ။ တဏှာလောဘဖြစ်ပြီ တဏှာလောဘအကြောင်းခံပြီဆိုရင် ဆင်းရဲဒုက္ခတွေ မလွဲမသွေ ရပါတယ်။ ဒီသဘောတရားဟာ မချွတ်မလွဲ အမြဲတမ်း မှန်ကန်ပါတယ်။ မြေကြီးလက်နဲ့ခတ်[illegible] လွဲချင်လွဲဦးမယ်။ သမုဒယဖြစ်ရင် ဒုက္ခဆိုတာ အမြဲတမ်း မှန်ကန်ပါတယ်။

‘နိရောဓသစ္စာ’ဆိုတာက ဒုက္ခချုပ်ရာ အမှန်တရားပါ။ ဆင်းရဲဒုက္ခတွေချုပ်ငြိမ်းသွားတဲ့ သဘောတရား နိဗ္ဗာန်ဓာတ်၊ နိဗ္ဗာန်ဆိုတဲ့ အေးငြိမ်းတဲ့သဘောလည်းရှိပါတယ်။ အမှန်တကယ်ရှိပါတယ်။ အမြဲတမ်း

ပဲ တည်ရှိနေပါတယ်။

ဆင်းရဲကင်းရာ နိဗ္ဗာန်ကို ရောက်ဖို့ ကျင့်ကြံအားထုတ်ရတဲ့ မဂ္ဂင်ရှစ်ပါးအကျင့် တရားဟာ မဂ္ဂသစ္စာပါ။

မြတ်စွာဘုရားဟောကြားခဲ့တဲ့ အမှန် တရားဆိုတာဟာ သစ္စာလေးပါးပေါ့။ သစ္စာ လေးပါး အမှန်တရားဟာ အချိန်ကာလ နေရာဒေသတွေ ဘယ်လိုပဲပြောင်းပြောင်း စံချိန်စံညွှန်းတော်ဘယ်လိုပဲ ပြောင်းပြောင်း အမြဲတမ်း မှန်ကန်ပါတယ်။ ချွတ်ချော် တိမ်းပါးမှုမရှိပဲ မှန်ကန်ပါတယ်။ ဘယ်တော့ မှ မဖောက်မပြန်မှန်ကန်တဲ့ သစ္စာတရား တွေကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် သိတော်မူပါတယ်။ သစ္စာလေးပါးတရားကို

ဘုန်းကြီးတို့ မြတ်စွာဘုရားလည်းပဲ သိပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေလည်း သိပါတယ်။ ရဟန္တာအရှင်မြတ်တွေလည်း သိပါတယ်။ သိပင်သိသော်လည်း ကွာခြားချက်ရှိပါတယ်။ မြတ်စွာဘုရားရှင်သိတာနဲ့ ရဟန္တာအရှင်မြတ်တွေ သိတာ ဘယ်လိုများထူးခြားသလဲဆိုရင် ရဟန္တာအရှင်မြတ်တွေ သစ္စာတရားကို သိတယ်ဆိုတာ မြတ်စွာဘုရားဟောပြလို့ သိကြတာပါ။ ကိုယ်တိုင်ထိုးထွင်းသိတာ မဟုတ်ပါဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ့်ဖာသာကို စူးစမ်းပြီးတော့ လေ့လာပြီးတော့ ရှာဖွေသိကြတာမျိုး မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောပြလို့ ရဟန္တာအရှင်မြတ်တွေ သိရတယ်။

သစ္စာလေးပါးသိလို့ ရဟန္တာဖြစ်ကြပါတယ်။

ဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ကြည့်မယ်ဆိုရင် 'မဖောက်မပြန်တရားမှန်ကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူတတ်ပါပေထသော' လို့တွေ့မြင်ရမှာပါ။ ဆရာမရှိဘူး။ ဆရာမရှိဘဲနဲ့ ကိုယ်တိုင်သိတဲ့ဉာဏ်ဟာ 'သယမ္ဘူဉာဏ်'ပါ။

ကိုယ်ကိုယ်တိုင်ရှာဖွေသိမြင်တဲ့ဉာဏ်ပါ။ ကိုယ်တော်တိုင် သိတယ်ဆိုရာမှာ တစ်ချို့က ပြောကြပါတယ်။ အလောင်းတော် သိဒ္ဓတ္ထတောထွက်လာတဲ့ အချိန်အခါမှာ 'အာဠာရရသေ့'၊ 'ဥဒကရသေ့' ဆိုတဲ့ ဆရာရသေ့ကြီးတွေထဲမှာ သွားပြီး

တော့ တပည့်ခံတယ်။ သင်ယူသေးတယ် ဆိုပြီးတော့ ဒီလိုစောဒကတက်ပါတယ်။ ပြောကြပါတယ်။ အာဠာရရသေ့နဲ့ ဥဒက ရသေ့တွေထံမှာ အလောင်းတော်ဘဝက ဆရာတင်ပြီးတော့ နည်းခံတာမှန်ပါတယ်။ ဒါပေမဲ့လို့ ထိုဆရာရသေ့ကြီးများက အလောင်းတော်ကို နိဗ္ဗာန် ရောက်ကြောင်း တရားညွှန်ပြပေးနိုင်ခြင်း မရှိကြပါဘူး။ လောကီစျာန်၊ အဘိညာဉ်၊ သမာပတ် အဆင့်လောက်ကိုသာ သူတို့က သင်ပြ နိုင်ကြတာပါ။ သင်ပေးလိုက်ကြတာပါ။ တကယ်နိဗ္ဗာန်ရောက်ကြောင်းတရား၊ သစ္စာတရားကိုတော့ ဘုရားရှင်ဟာ ကိုယ် တိုင်ရှာရပါတယ်။ နည်းပေးတဲ့သူ၊ လမ်း

ပြတဲ့သူ၊ မရှိပဲကိုယ်တိုင်သိအောင်အား ထုတ်ကျင့်ကြံခဲ့ရပါတယ်။

'ဆရာမကူ၊ သယမ္ဘူညာဏ်ဖြင့်၊ ထိုးထွင်း၍ သိမြင်တော်မူတတ်ပါ ပေထ သော'ဆိုတဲ့အတိုင်း ထိုးထွင်းပြီးတော့သိ တယ်။ ထွင်းဖောက်ပြီးတော့ကို ကျကျနန၊ အလုံးစုံအကုန်ကို သိတော်မူတဲ့ မြတ်စွာ ဘုရားပါ။ ဘုန်းကြီးတို့ မြတ်စွာဘုရားဟာ သိစရာမှန်သမျှ တစ်စမကျန် ဘာမှမကြွင်း မကျန်အောင် အကုန်လုံး သိမြင်တော်မူပါ တယ်။ သိစရာမှန်သမျှ အကုန်သိတော် မူပါတယ်။ မြင်စရာမှန်သမျှ အကုန်မြင် တော်မူပါတယ်။ သစ္စာလေးပါး တရား တွေနဲ့ ပတ်သက်လာလို့ရှိရင် တစ်ကြွင်း

တစ်စတောင်မကျန်အောင် သိမြင်တော်မူတယ်ဆိုတဲ့အဓိပ္ပါယ်ကို 'သမ္မာသမ္ဗုဒ္ဓဂုဏ်' က ညွှန်ပြနေတာပါ။ 'သမ္မာသမ္ဗုဒ္ဓဿ'လို့ ဘုန်းကြီးတို့ ပရိတ်သတ်နှုတ်ကနေ ရွတ်ဆိုလိုက်တာနဲ့ အမှတ်တမဲ့ မဆိုပါနဲ့။ အနက်အဓိပ္ပါယ်ထိရောက်အောင် နှလုံးသွင်းလိုက်ပါ။

'သမ္မာသမ္ဗုဒ္ဓဿ – မဖောက်မပြန်တရားမှန်ကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား'လို့ အာရုံပြုလိုက်ရင် ပိုပြီးတော့ လေးလေးနက်နက် ရှိသွားပါတယ်။ ကိုယ့်စိတ်နှလုံးမှာလည်း ပိုပြီးတော့ ဘဝင်ကျပါတယ်။ မဟုတ်လို့ရှိရင် နှုတ်ကနေဆို

သာဆိုနေတယ်။ ဘာမှအဓိပ္ပါယ်မသိဘူး ဆိုရင်လည်း ဘုန်းကြီးတို့ ပရိသတ် ဘုရား ရှိခိုးတာ အဓိပ္ပါယ်မရှိဘူး။

'အရဟတော'၊ 'သမ္မာသမ္ဗုဒ္ဓဿ' ပြီးရင် ဘဂဝတောပုဒ်က မြတ်စွာဘုရားရှင် ရဲ့ ဘဂဝါဂုဏ်တော်ကို ဖော်ပြနေပါတယ်။ ဘဂဝါဂုဏ်တော်ရဲ့ အနက်အဓိပ္ပါယ်ကို မြန်မာလို လေ့လာကြရအောင်ပါ။ 'တဿ ဘဂဝတော'ဆိုတဲ့ စကားလုံးကို ကြည်ညို ကြရအောင်ပါ။ 'တဿဘဂဝတော– ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံ တော်မူသော ထိုမြတ်စွာဘုရား'လို့ အတို ချုံးပြီးသိဖို့လိုပါတယ်။

ဘုန်းတော်ခြောက်စုံ၊ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားရှင်ကို အာရုံပြုကြရမှာပါ။

မြတ်စွာဘုရားရဲ့ ဘဂဝါဂုဏ်တော်မှာ ဘုန်းတော်ခြောက်ပါးပါဝင်ပါတယ်။

'ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တ'ဆိုတဲ့ ဘုန်းတန်ခိုးခြောက်မျိုးပါ။

၁။ ဣဿရိယ – ဆိုတာက ဒီတစ်လောကလုံးကို အစိုးတရလွှမ်းမိုးနိုင်တဲ့ ဘုန်းတော်ပါ။

၂။ ဓမ္မ – ဆိုတာက ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တရားဓမ္မသိမြင်တယ်။ သမ္မာသမ္ဗုဒ္ဓဂုဏ်နဲ့ တရားဓမ္မ

အကုန်လုံးသိတယ်။ တရားဓမ္မတွေ အကုန် အစင်သိမြင်တော်မူတဲ့ ဘုန်းတော်ပါ။

၃။ ယသ– ဆိုတာက အခြွေအရံ သင်းပင်းပရိသတ်နဲ့ ပြည့်စုံတယ်။ အခြံ အရံပရိသတ်တွေ၊ ရဟန်းသံဃာတွေ၊ မင်း ပရိသတ်၊ သူဌေးသူကြွယ်ပရိသတ်၊ ရဟန်း ပုဏ္ဏားပရိသတ်အကုန်လုံးမြတ်စွာဘုရားရှင် ကို ခြံရံပြီးတော့ နေပါတယ်ဆိုတာက 'ယသ' ဘုန်းတော်ပါ။

၄။ သိရီ – ဆိုတာက မျက်နှာတော် လက်ခြေတော်ကစပြီး တစ်ကိုယ်လုံး အလွန်တစ်ရာတင့်တယ် သပ္ပါယ်တော်မူတဲ့ ဘုန်းတော်ပါ။ ခန္ဓာကိုယ်တစ်ခုလုံး ဘယ် နေရာပဲ ကြည့်လိုက်ကြည့်လိုက် ဘာတစ်ခု

မှ အပြစ်ပြောစရာမရှိဘူး။ အင်မတန်မှ ကျက်သရေရှိတယ်ဆိုတာက 'သိရီ' ဘုန်းတော်ပါ။

၅။ ကာမ – ဆိုတာက အလိုရှိတိုင်း တောင်းတတိုင်းပင် မဆိုင်းမတွပြီးစီးရသည့် ဘုန်းတော်ပါ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဖြစ်ချင်ပြီ၊ လိုချင်ပြီ၊ တောင့်တပြီဆိုရင် အကုန်လုံးပြည့်စုံတယ်။ ဘုန်းတော်ကြောင့် လိုရာတွေ အားလုံးပြည့်ဝပါတယ်။

ဒီလို ဘုန်းတော်တွေနဲ့ ပြည့်စုံဖို့အတွက် မကြိုးစားဘဲဖြစ်လာတာ မဟုတ်ပါဘူး။ အလွန်တရာကြိုးစားအားထုတ်တော်မူတဲ့ ပယတ္တဘုန်းတော်ကြောင့်ပါ။

၆။ ပယတ္တ – ဆိုတာက တစ်လောကလုံး ညွတ်ရုံးကိုယ်စားအားထားဖို့ရာ လွန်စွာကျိုးကုတ်အားထုတ်တော်မူတဲ့ ဘုန်းတော်ပါ။ နေ့မအား ညမအားဘုရားရှင်ကိုယ်တော်မြတ် ကြိုးစားအားထုတ်တော်မူပါတယ်။ တစ်နေ့နှစ်နာရီလောက် တစ်နာရီခွဲလောက်ပဲ ကျိန်းစက်ပြီးတော့ ကျန်တဲ့အချိန်မှာ အချိန်ပြည့်အလုပ်လုပ်ပါတယ်။ ဝေနေယျသတ္တဝါတို့ အကျိုးအားထုတ်တော်မူပါတယ်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ဘဂဝါဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါတယ်လို့ ဂုဏ်ပြုအမွန်းတင်ရတာပါ။ ဒီတော့ ဘုန်းကြီးတို့

ပရိသတ်ခင်ဗျား နမောတဿဘုရားရှိခိုးမှာ ဂုဏ်တော်သုံးပါးပါဝင်နေတာကိုတွေ့ကြရမှာပါ။

အရဟံဂုဏ်တော်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ ဘဂဝါဂုဏ်တော်ဆိုတဲ့ ဂုဏ်တော်သုံးခုကို ဒီဘုရား ရှိခိုးတိုတိုလေးနဲ့ ရှိခိုးလိုက်ရုံနဲ့ ဂုဏ်တော်သုံးပါးရှိခိုးပြီးသားဖြစ်သွားပါတယ်။ နမောတဿဘုရားရှိခိုးဟာ အတိုဆုံး အကောင်းဆုံး ဘုရားရှိခိုးပါ။

ဘုန်းကြီးတို့ တစ်ခါတလေကျရင် တစ်ချို့ဒါကာ၊ ဒါကာမတွေကို မေးကြည့်တယ်။ ဘုရားရှိခိုးရရဲ့လားဆိုရင် ဘုရားတပည့်တော်တို့ ဘုရားရှိခိုးရပါတယ်လို့ လျှောက်ကြတယ်။ ရတဲ့ ဘုရားရှိခိုးဆိုပြပါ

ဆိုလို့ရှိရင် သူတို့က ဩကာသ၊ ဩကာသ လို့စဆိုပါလေရော။ ဩကာသဟာ ဘုရား ရှိခိုးမဟုတ်ပါဘူး။ ဩကာသဆိုတာသည် ဘုရားရှိခိုးဖို့အတွက် ခွင့်တောင်းတာပါ။ တကယ်တမ်းဘုရားရှိခိုးဟာ နမောတဿ နဲ့ရှိခိုးတာပါ။

နမောတဿဟာ အင်မတန်တိုကျဉ်း ပါတယ်။ တစ်ခြားတစ်ခြား ဘုရား ရှိခိုးတွေ အမြောက်အများရှိပါတယ်။ မြတ်စွာဘုရား ရဲ့ ဂုဏ်တော်တွေသည် ပြောမကုန်အောင် အသချေ် အနန္တနဲ့ ပြည့်စုံတော်မူပါတယ်။ ဒါပေမဲ့လို့ တိုတိုကျဉ်းကျဉ်းနဲ့ ထိထိမိမိရှိတဲ့ ဒီဘုရားရှိခိုးကို ရှေးကတည်းက မြတ်စွာ ဘုရားသက် တော်ထင်ရှားရှိစဉ်ကတည်းက

လူတွေလည်းရှိခိုးခဲ့ကြတယ်။ နတ်တွေ လည်း ရှိခိုးခဲ့ကြတယ်။ ဒါကြောင့် အားလုံး ရှိခိုးကြည်ညိုကြရအောင်ပါ။

တဿ ဘဂဝတော ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား **နမောနမာမိရှိခိုးပါ၏ အရှင်ဘုရား။**

ရှိခိုးတယ်ဆိုတဲ့ အဓိပ္ပါယ်ကိုထပ်ပြီး တော့ နည်းနည်းလေးချဲ့ကြည့်ဦးမယ်။

**နမောနမာမိ - ကိုယ်နှုတ်နှလုံး၊ သုံးပါးပြောင်းပျော့၊ မာန်ကိုလျှော့၍ ကန် တော့ရိုကျိုး လက်အုပ်မိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။**

ရှိခိုးပူဇော်တယ်ဆိုတဲ့ အဓိပ္ပါယ်က ကိုယ်နဲ့လည်း ရှိခိုးတယ်၊ နှုတ်ကလည်း

ရှိခိုးတယ်၊ နှလုံးသားကလည်းရှိခိုးတယ်။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံးမှာ မာန်လျှော့ ဦးနှိမ်ချပြီးတော့ အရိုအသေပေးတာကို ရှိခိုးတယ်လို့ ဆိုပါတယ်။ ကိုယ့်နှလုံးမှာ မာန်မာနတင်းခံနေရင် ကန်တော့လို့ ရှိခိုးလို့မရပါဘူး။ ရှိခိုးကန်တော့တယ်ဆိုတဲ့ အဓိပ္ပါယ်က တပည့်တော်၊ တပည့်တော်မတို့မှာ မာန်တွေကင်းပါတယ်။ မာနတွေကင်းပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအပေါ်မှာ ကြည်ညိုမှု၊ ရိုသေမှု၊ ယုံကြည်မှုပြင်းပြလို့ ဦးနှိမ်ချပြီးတော့ ရိုသေမှုကို အထင်အရှားပြလိုက်တာပါ။ အဲဒီလို သိထားရင် နမောတဿဘုရားရှိခိုးကလေးလေးနက်နက် ရှိပါတယ်။ အနက်

အဓိပ္ပါယ်ကို အလွတ်ကျက်မှတ်ပြီး အမြဲတမ်းရှိခိုးကြဖို့လည်း ကောင်းပါတယ်။

ဘုရားရှင်ရဲ့ဂုဏ်ကို အနည်းဆုံး ဒီလောက်သိထားတော့မှ

**‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ’** ‘ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–အားထားကြည်ညိုမှီခိုရာယူ၍၊ ဂစ္ဆာမိ–အသိအမှတ်ပြုပါဆည်းကပ်ပါ၏’ လို့ဆိုလိုက်တိုင်းမှာ မြတ်စွာဘုရားရှင်ကို အားကိုးပြုပါတယ် အားထားပြုပါတယ်လို့ ဆိုရတာ နှစ်နှစ်ကာကာနဲ့ အရသာရှိပါတယ်။

ဘုန်းကြီးတို့ ပရိသတ်မှာ အားကိုးအားထားရှိပါတယ်။ ဘယ်သူ့ကို အားကိုးမှာလည်းဆိုရင် မြတ်စွာဘုရားကို အားကိုး

ရမှာပါ။ ဘုန်းကြီးတို့ ပရိသတ်မှာ ဗုဒ္ဓဘာသာဝင်တွေဖြစ်နေကြတော့ အားကိုးစရာ ဘုရားရတနာ၊ တရားရတနာ၊ သံဃရတနာ ရတနာသုံးပါးဟာ အားကိုးစရာကောင်းပါတယ်။ အားထားစရာသိပ်ကောင်းပါတယ်။ နမောတဿဘုရားရှိခိုးမှာပါတဲ့ အဓိပ္ပါယ်နဲ့ပဲ ပြန်အာရုံပြုကြည့်ရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သစ္စာလေးပါးအမှန်တရားတွေကို သိမြင်တော်မူတယ်။ ဒီလိုအမှန်တရားကို သိမြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အားကိုးတယ်တယ်ဆိုတော့ ဘုန်းကြီးတို့ ပရိသတ်လွဲမှားစရာ မရှိတော့ပါဘူး။ တစ်ချို့ကတော့ ကိုယ်အားကိုးတဲ့သူ အား

ထားတဲ့သူက မှန်လား၊ မှားလား မသိဘူး။ သူကိုယ်တိုင်က လွဲချော်နေတယ်ဆိုရင် ကိုယ်လည်း လွဲချော်သွားတတ်ပါတယ်။

ဘုရားမြတ်စွာဟာ သစ္စာလေးပါး တရားတွေကို ကိုယ်တိုင်သိအောင်လည်း ကျင့်ကြံအားထုတ်ခဲ့တာပါ။ ဆရာပြစရာ မလိုဘဲနဲ့ သိမြင်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါ။ ကိလေသာတွေ တစ်စမကျန် မြူမှုန်လေးမျှမကျန်အောင် ကင်းရှင်းတော်မူပါတယ်။ မကောင်းမှုဆို ရင် ဘယ်နေရာမှ မပြုဘူး။ ဆိတ်ကွယ်တဲ့ နေရာမှာတောင် မကောင်းမှုကို မပြု၊ မပြော၊ မကြံဘူး။ ဒီလိုကြည်ညိုစရာ ကောင်းတဲ့ ဘုရားရှင်ကို အာရုံပြုပြီးတော့

ဗုဒ္ဓံ – မြတ်စွာဘုရားကို သရဏံ – အားထားကြည်ညိုမှီခိုရာဟူ၍၊ ဂစ္ဆာမိ– အသိအမှတ်ပြုပါဆည်းကပ်ပါ၏လို့ ရွတ်ဆိုကြရမှာပါ။ နှလုံးသွင်းကြည်ညိုကြရမှာပါ။

ဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ပွားဆင်ခြင်နှလုံးသွင်းနေသူဟာ

၁။ သံသရာ ဝဋ်ဆင်းရဲ၌ အမှန်စင်စစ် ငြီးငွေ့ခြင်း။

၂။ သံသရာ ဝဋ်ဆင်းရဲ၌ တပ်မက်မှုကင်းခြင်း

၃။ ရာဂစတဲ့ ကိလေသာများ မဖြစ်မပေါ် ချုပ်ငြိမ်းခြင်း

၄။ ဝဋ်ဆင်းရဲချုပ်ဆုံးခြင်း

၆။ ပူပန်စေတတ် နှိပ်စက်တတ်တဲ့ ကိလေသာများ ကင်းငြိမ်းခြင်း

၇။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တအနေဖြင့်သိခြင်း

၈။ သစ္စာလေးပါးတို့ကို ကောင်းစွာ သိခြင်း

၉။ မဂ်ဉာဏ်လေးပါးကို ထိုးထွင်း သိခြင်း

၁၀။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဆိုတဲ့ အကျိုးတရားတွေကို ရရှိ ခံစားနိုင်ပါတယ်။

ဒါကြောင့် နေ့စဉ်မပြတ် ဘုရားရှိခိုး ခြင်း ဘုရားဂုဏ်တော်ကို ရွတ်ပွားကြည်ညို ခြင်းတို့ဖြင့် ကိုယ်စိတ်နှစ်ဖြာ အေးချမ်း

သာယာပြီး ကိလေသာများ ကင်းရှင်းကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုတောင်းပတ္တနာပြုပြီး တရားနိဂုံးချုပ်ကြရအောင်ပါ။

ဗောဓိယာ ပစ္စယော ဟောတု
တ္တာဒိံနော ပုညမင်္ဂလံ။
ပုညဘာဂံ သုလဘ္ဘာ
ပမောဒ္ဒ္ဒ သဒေဝကာ။

နော – မြင့်မြတ်သာကြည်ပါရမီရင့် ကျူး ဇာနည်ထူး သူတော်စင်ကုသိုလ်ရှင် အကျွန်ုပ်တို့၏

တ္တာဒိံပုညမင်္ဂလံ– ဗုဒ္ဓဟောကြားတရားဒေသနာမြတ်သြဝါဒကို၊ နာခံမှတ်သားပြန်ဟောကြား၍၊ ပွားများကျင့်ကြံ၊

အဖန်ဖန်ကြိုးကုတ် အားထုတ်ရသည့် ဤကုသိုလ် ပုညမင်္ဂလာသည်

**ဗောဓိယာ –** သစ္စာလေးအင် ခိုင်သဇင်ကို ပြိုင်စင်ဆွတ်ခူး၊ ထွတ်ဖူးရင့်သန် ဗောဓိဉာဏ်၏

**ပစ္စယော** – ဥပနိဿယအမှီရသဖြင့် မုချရကြောင်း ကောင်းမြတ်တဲ့၊ အထောက်အပံ့သည်

**ဟောတု –** စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**ဤဒံပုညံဘာဂစ္ဆ–** ဗုဒ္ဓဟောကြားတရားဒေသနာမြတ်သြဝါဒကို၊ နာခံမှတ်သားပြန်ဟောကြား၍ ပွားများကျင့်ကြံ နာခံကြိုးကုတ် အားထုတ်ရသည့် ဤ

ကုသိုလ်မင်္ဂလာ၏ အဖို့ဘာဂကိုလည်း

သဒေဝကာ – ကမ္ဘာမှာတည်သမျှ ဝေနေယျများစွာ သတ္တဝါအနန္တမှန်သမျှ တို့သည်

သုလ္လာ– ရှင်လန်းကြည်မြ ဝါဂွမ်း ပုံဆီ တွေ့သကဲ့သို့၊ ပီတိငွေ့စိတ်မှာထုံ လျက် ဣဋ္ဌာရုံအတွေ့ထူးလို့မို့ ကြည်နူး ကိုယ်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

သုလဒ္ဓါ– ကိုယ်စီကိုယ်စီ အလိုညီ၍ ကြည်သာ ရွှင်ပြုံးအားလုံးအမျှတူရယူကြ ကုန်ပြီး၍

ပမောဒ္ဒ – ကိုယ်စိတ်နှစ်ဖြာလို ဣစ္ဆာဖြင့် ပြည့်ကာ၊ ကြွယ်မောက် ဝမ်းမြောက်နိုင်ကြပါစေကုန်သတည်း။

**နမောတဿ ဘုရားရှိခိုး**

**ပမောဒ္ဒ္က–** လူ့ပြည်တွင်မက၊ နတ်ပြည်မှာ ဆက်နွှယ်လျက်၊ အထက်နယ် ဟုန်လျှမ်းမောက်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပတ္တနာအောင်ဆုခါခါပြု၍ သာဓုသံအောင်နမိတ်ဖြင့် အောင်ဘိသိက်သွန်းလောင်းနိုင်ပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု

**ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ**
ဓမ္မဒူတတောရသာသနာ့ရိပ်သာ
ဆယ်မိုင်ကုန်း၊ ပဲခူး
၁၃၆၉ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၃)ရက်။

WX

။

## ကျေးဇူးတင်စကား

ဤစာအုပ်ဖြစ်လာစေရန်
အသံသွင်းတိတ်ခွေမှ စာမူကြမ်း
ရေးကူးပေးသော
မခင်ခင်စု (နှင်း–စာပေရတနာ၊
ရန်ကုန်မြို့)နှင့်
ကွန်ပျူတာစာမူရိုက်နှိပ်ပေးသော
မပုန်းညက်လှိုင်(ပဲခူးမြို့)တို့အား
အထူးကျေးဇူးတင်ရှိပါသည်။

နမောတဿ ဘုရားရှိခိုး

## ဆရာတော်၏ တရားစာအုပ် တရားတိပ်ခွေ၊ တရားစီဒီ၊ တရားဗီစီဒီ၊ အမ်ပီသရီး တရားတော်များ ရရှိနိုင်သောနေရာများ

၁။ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ
ဆယ်မိုင်ကုန်း၊ ဟံသာဝတီဂေါက်ကွင်းအနီး၊
ပဲခူးမြို့။

၂။ ကိုကျော်နိုင် (ရွှေအိုး-ချက်နို့ဆီ)
(၅၁၁)၊ ပြည်တော်သာ(၄)လမ်း၊ ရုံးကြီးရပ်ကွက်၊
ပဲခူးမြို့။

၃။ ကိုသိမ်းစိုး (သီဟရတနာ-စာပေ)
(၁၀၀-ဒီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။

၄။ စပယ်ဦး တေးသံသွင်း
(၂၂၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

၅။ သဒ္ဒါရုံ တေးသံသွင်း
(၁၇၆)၊ ဗိုလ်ဆွန်ပက်လမ်း၊ ရန်ကုန်မြို့။

၆။ နှင်း–စာပေရတနာ

(၁၅၄)၊ မြေညီထပ်(ဘယ်)၊ စမ်းချောင်းလမ်း၊

စမ်းချောင်း၊ ရန်ကုန်မြို့။

၇။ စိန်ဟင်း–လျှပ်စစ်ပစ္စည်းနှင့်စတိုး

မင်းလမ်း၊ ပဲခူးမြို့။

၈။ သဇင်–စာပေ(၂)

ရွှေမောဓောဘုရားလမ်းထိပ်၊ ပဲခူးမြို့။

၉။ မောင်အေး–ပိဋကတ်စာအုပ်ဆိုင်

သုဒဿနလမ်း၊ ရွှေမောဓောဘုရားအနောက်မုခ်၊

ပဲခူးမြို့။

၁၀။ မောင်အေး–ပိဋကတ်စာအုပ်ဆိုင်

ဆိုင်အမှတ်(၄)၊ ရှင်စောပုဆိုင်တန်း၊ ရှင်စောပုလမ်း၊

ပဲခူးမြို့။

နမောတဿ ဘုရားရှိခိုး

## ဆရာတော်၏ ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ ရေးသားထုတ်ဝေပြီးစာအုပ်များ


၁။ တရားနှင့်နေပါ ဒု-ကြိမ်

၂။ တရားမရခြင်းအကြောင်းရင်း ဒု-ကြိမ်

၃။ အပါယ်တံခါးပိတ်ထားကြစို့ ပ-ကြိမ်

၄။ လမ်းညွှန်တရားဆောင်ပုဒ်များ ပ-ကြိမ်

၅။ မငိုကြသောမိသားစု ပ-ကြိမ်

၆။ လိုရင်းတိုရှင်းဝိပဿနာ ပ-ကြိမ်

၇။ တရားဘယ်လိုကျင့်ရမလဲ ပ-ကြိမ်

၈။ How to Practise Meditation ပ-ကြိမ်

၉။ လိုအင်ဆန္ဒတွေပြည့်ပါစေ ပ-ကြိမ်

၁၀။ ဘာသာမဲ့သူလေး ပ-ကြိမ်

၁၁။ သေဘေးဆင်ခြင်ကြိုတင်တာပြင် ပ-ကြိမ်

၁၂။ တရားချစ်တဲ့သူ ပ-ကြိမ်

၁၃။ တစ်နေ့ကုန်သွားရင် ပ-ကြိမ်

၁၄။ တရားကျင့်သူနဲ့မကျင့်သူ ပ-ကြိမ်

၁၅။ ဘဝစစ်တမ်း ပ-ကြိမ်

၁၆။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင် ပ-ကြိမ်

ဤ 'နမောတဿဘုရားရှိခိုး'
လက်ကမ်းစာအုပ်ငယ်များကို
ဓမ္မဒါနပြုလုပ်လိုပါက အောက်ပါလိပ်စာသို့
ဆက်သွယ်မှာယူနိုင်ပါသည်။

**ရန်ကုန် – စာအုပ်ဆိုင်ကြီးများနှင့်**
အမှတ်၁၅၄၊ မြေညီထပ်(ဘယ်)
စမ်းချောင်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၅၀၄ ၅၃၂၂

**ပဲခူး**
ဓမ္မဒူတတောရသာသနာ့ရိပ်သာ
ဆယ်မိုင်ကုန်း၊ ဟံသာဝတီဂေါက်ကွင်းအနီး
ပဲခူးမြို့။
ဖုန်း – ၀၉ ၅၁၀ ၄၆၆၉